# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ။)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ဒဏ်ကြေးငွေအနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်ငါးသိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ (က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ ၏ခြေဆင်းတွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပါရှိသော "ငှားရမ်းခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "ရောင်းချခြင်း" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ (က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ၏ခြေဆင်းတွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "ငှားရမ်းခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "ရောင်းချခြင်း" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃- က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃-က။ ဤဥပဒေပုဒ်မ ၃၂ နှင့် ၃၃ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ယင်းပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀

ထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။”

၆။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၄ တွင် ပါရှိသော “ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်” ဆိုသည့်စကားရပ်ကို “တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော “ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်” ဆိုသည့်စကားရပ်ကို “ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ တွင် ပါရှိသော “ထောင်ဒဏ် ၆ လ အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်” ဆိုသည့်စကားရပ်ကို “တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ ၏ နောက်တွင် ပုဒ်မ ၃၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၃၆-က။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးနှင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်